| ၁၉ | LC | LEGUMINOSAE | *Bauhinia* | *wallichii* | - | - |
| ၂၀ | LC | LEGUMINOSAE | *Bauhinia* | *glauca* | Nwe palan | နွယ်ဖလံ |
| ၂၁ | LC | LEGUMINOSAE | *Bauhinia* | *ornata* | Myauk hlega / Swedaw new | မြောက်လှေကား / စွယ်တော်နွယ် |
| ၂၂ | LC | ACANTHACEAE | *Acanthus* | *volubilis* | Kha yar new | ခရာနွယ် |
| ၂၃ | VU | LEGUMINOSAE | *Eleiotis* | *rottleri* | - | - |
| ၂၄ | VU | VITACEAE | *Cayratia* | *pedata* | - | - |

## ခြုံပင်များ (Shrub)

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၁ | DD | LEGUMINOSAE | *Indigofera* | *emmae* | - | - |
| ၂ | EN | ILLICIACEAE | *Illicium* | *griffithii* | - | - |
| ၃ | LC | ACANTHACEAE | *Acanthus* | *ebracteatus* | Khaya | ခရာ |
| ၄ | LC | LEGUMINOSAE | *Uraria* | *picta* | Kyemi ma | ကြီးမြီးမ |
| ၅ | LC | LEGUMINOSAE | *Tephrosia* | *coccinea* | - | - |
| ၆ | LC | LEGUMINOSAE | *Tadehagi* | *rodgeri* | - | - |
| ၇ | LC | LEGUMINOSAE | *Sesbania* | *bispinosa* | - | - |
| ၈ | LC | LEGUMINOSAE | *Phyllodium* | *pulchellum* | Pan letwa | ပန်းလက်ဝါး |
| ၉ | LC | LEGUMINOSAE | *Paraderris* | *cuneifolia* | - | - |
| ၁၀ | LC | LEGUMINOSAE | *Parochetus* | *communis* | - | - |
| ၁၁ | LC | APOCYNACEAE | *Nerium* | *oleander* | Nwe tha gee | နွယ်သာဂီ |
| ၁၂ | LC | LEGUMINOSAE | *Indigofera* | *galegoides* | Taw-meyaing | တောမဲရိုင်း |
| ၁၃ | LC | LEGUMINOSAE | *Indigofera* | *linifolia* | Than manaing kyauk manaing | သံမနိုင်ကျောက်မနိုင် |
| ၁၄ | LC | LEGUMINOSAE | *Indigofera* | *trita* | Meyaing gale | မဲရိုင်းကလေး |
| ၁၅ | LC | LEGUMINOSAE | *Flemingia* | *involucrata* | - | - |
| ၁၆ | LC | LEGUMINOSAE | *Derris* | *acuminata* | - | - |
| ၁၇ | LC | LEGUMINOSAE | *Derris* | *maingayana* | - | - |
| ၁၈ | LC | LEGUMINOSAE | *Dalbergia* | *parviflora* | - | - |
| ၁၉ | LC | LEGUMINOSAE | *Crotalaria* | *melanocarpa* | - | - |
| ၂၀ | LC | LEGUMINOSAE | *Crotalaria* | *quinquefolia* | Taw pike san | တောပိုက်ဆံ |
| ၂၁ | LC | THEACEAE | *Camellia* | *caudata* | Laphet / Hpalap | လက်ဖက် / ဖလက် |
| ၂၂ | LC | THEACEAE | *Camellia* | *confusa* | wild tea | - |
| ၂၃ | LC | THEACEAE | *Camellia* | *fluviatilis* | - | - |
| ၂၄ | LC | THEACEAE | *Camellia* | *kissii* | - | - |
| ၂၅ | LC | THEACEAE | *Camellia* | *oleifera* | - | - |

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၂၆ | LC | THEACEAE | *Camellia* | *taliensis* | - | - |
| ၂၇ | LC | THEACEAE | *Camellia* | *tsaii* | - | - |
| ၂၈ | LC | MYRSINACEAE | *Aegiceras* | *corniculatum* | Butalet | ဘုတလက် |
| ၂၉ | LC | LEGUMINOSAE | *Aeschynomene* | *aspera* | - | - |
| ၃၀ | LC | ACANTHACEAE | *Acanthus* | *ebracteatus* | Khaya | ခရာ |
| ၃၁ | LR/lc | MYRISTICACEAE | *Myristica* | *guatteriifolia* | - | - |
| ၃၂ | LR/lc | SALVADORACEAE | *Azima* | *sarmentosa* | Mo hnan | မိုးနန် |
| ၃၃ | LR/nt | ERICACEAE | *Rhododendron* | *rex* | - | - |
| ၃၄ | NT | PLUMBAGINACEAE | *Aegialitis* | *rotundifolia* | Pinle sa | ပင်လယ်စာ |

## မြက်များ (Grass)

| စဉ် | Red List status | မျိုးရင်း<br>Family | မျိုးစု<br>Genus | မျိုးစိတ်<br>Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၁ | LC | GRAMINEAE | *Acroceras* | *zizanioides* | - | - |
| ၂ | LC | CYPERACEAE | *Actinoscirpus* | *grossus* | - | - |
| ၃ | LC | GRAMINEAE | *Urochloa* | *panicoides* | - | - |
| ၄ | LC | CYPERACEAE | *Schoenoplectiella* | *lateriflora* | - | - |
| ၅ | LC | CYPERACEAE | *Schoenoplectiella* | *supina* | - | - |
| ၆ | LC | CYPERACEAE | *Schoenoplectus* | *corymbosus* | - | - |
| ၇ | LC | CYPERACEAE | *Scleria* | *biflora* | - | - |
| ၈ | LC | CYPERACEAE | *Scleria* | *mikawana* | - | - |
| ၉ | LC | CYPERACEAE | *Scleria* | *terrestris* | - | - |
| ၁၀ | LC | GRAMINEAE | *Schizachyrium* | *brevifolium* | - | - |
| ၁၁ | LC | GRAMINEAE | *Sacciolepis* | *myosuroides* | - | - |
| ၁၂ | LC | CYPERACEAE | *Rhynchospora* | *corymbosa* | - | - |
| ၁၃ | LC | CYPERACEAE | *Pycreus* | *macrostachyos* | - | - |
| ၁၄ | LC | CYPERACEAE | *Pycreus* | *polystachyos* | - | - |
| ၁၅ | LC | CYPERACEAE | *Pycreus* | *sanguinolentus* | - | - |
| ၁၆ | LC | GRAMINEAE | *Pseudosorghum* | *zollingeri* | - | - |
| ၁၇ | LC | GRAMINEAE | *Polytrias* | *indica* | Paung sa myet | ပုဇွန်စာမြက် |
| ၁၈ | LC | GRAMINEAE | *Pogonatherum* | *paniceum* | Kyauk myet / Kyauk wa | ကျောက်မြက်/ ကျောက်ဝါး |
| ၁၉ | LC | GRAMINEAE | *Poa* | *annua* | - | - |
| ၂၀ | LC | GRAMINEAE | *Phragmites* | *australis* | - | - |
| ၂၁ | LC | GRAMINEAE | *Phragmites* | *karka* | - | - |
| ၂၂ | LC | GRAMINEAE | *Phragmites* | *vallatorius* | Kyu | ကျူ |
| ၂၃ | LC | GRAMINEAE | *Paspalidium* | *flavidum* | Sin ngo myet | ဆင်ငိုမြက် |
| ၂၄ | LC | GRAMINEAE | *Paspalidium* | *punctatum* | - | - |
| ၂၅ | LC | GRAMINEAE | *Paspalum* | *longifolium* | Myet khayan | မြက်ခရမ်း |

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၂၆ | LC | GRAMINEAE | *Paspalum* | *scrobiculatum* | Myet khayan | မြက်ခရမ်း |
| ၂၇ | LC | GRAMINEAE | *Paspalum* | *vaginatum* | - | - |
| ၂၈ | LC | GRAMINEAE | *Panicum* | *sumatrense* | - | - |
| ၂၉ | LC | GRAMINEAE | *Oryza* | *officinalis* | - | - |
| ၃၀ | LC | GRAMINEAE | *Oryza* | *rufipogon* | Kauk hnyin saba | ကောက်ညင်းစပါး |
| ၃၁ | LC | CYPERACEAE | *Lipocarpha* | *chinensis* | - | - |
| ၃၂ | LC | CYPERACEAE | *Lipocarpha* | *gracilis* | - | - |
| ၃၃ | LC | GRAMINEAE | *Leptochloa* | *fusca* | Myet cho | မြက်ချို |
| ၃၄ | LC | GRAMINEAE | *Leptochloa* | *obtusiflora* | - | - |
| ၃၅ | LC | GRAMINEAE | *Leptochloa* | *panicea* | Hman pwa / Myet cho | မှန်ပွား / မြက်ချို |
| ၃၆ | LC | CYPERACEAE | *Kyllinga* | *brevifolia* | - | - |
| ၃၇ | LC | GRAMINEAE | *Isachne* | *albens* | - | - |
| ၃၈ | LC | GRAMINEAE | *Isachne* | *globosa* | letthe zaung myet | လက်သည်းခေါင်း မြက် |
| ၃၉ | LC | GRAMINEAE | *Isachne* | *pulchella* | - | - |
| ၄၀ | LC | GRAMINEAE | *Ischaemum* | *molle* | thon tin gwa | သုံးတင်းငွ |
| ၄၁ | LC | GRAMINEAE | *Ischaemum* | *muticum* | - | - |
| ၄၂ | LC | GRAMINEAE | *Hemarthria* | *altissima* | - | - |
| ၄၃ | LC | GRAMINEAE | *Hemarthria* | *compressa* | Myet kyein | မြက်ကြိမ် |
| ၄၄ | LC | CYPERACEAE | *Fuirena* | *ciliaris* | - | - |
| ၄၅ | LC | CYPERACEAE | *Fuirena* | *pubescens* | - | - |
| ၄၆ | LC | CYPERACEAE | *Fimbristylis* | *acuminata* | - | - |
| ၄၇ | LC | CYPERACEAE | *Fimbristylis* | *argentea* | - | - |
| ၄၈ | LC | CYPERACEAE | *Fimbristylis* | *bisumbellata* | - | - |
| ၄၉ | LC | CYPERACEAE | *Fimbristylis* | *cinnamometorum* | - | - |
| ၅၀ | LC | CYPERACEAE | *Fimbristylis* | *complanata* | Mon hnyin paung pin | မုံညင်းပေါင်းပင် |
| ၅၁ | LC | CYPERACEAE | *Fimbristylis* | *consanguinea* | - | - |
| ၅၂ | LC | CYPERACEAE | *Fimbristylis* | *dipsacea* | - | - |
| ၅၃ | LC | CYPERACEAE | *Fimbristylis* | *ferruginea* | - | - |

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၅၄ | LC | CYPERACEAE | *Fimbristylis* | *littoralis* | - | - |
| ၅၅ | LC | CYPERACEAE | *Fimbristylis* | *nutans* | - | - |
| ၅၆ | LC | CYPERACEAE | *Fimbristylis* | *ovata* | - | - |
| ၅၇ | LC | CYPERACEAE | *Fimbristylis* | *pubisquama* | - | - |
| ၅၈ | LC | CYPERACEAE | *Fimbristylis* | *salbundia* | - | - |
| ၅၉ | LC | CYPERACEAE | *Fimbristylis* | *schoenoides* | - | - |
| ၆၀ | LC | CYPERACEAE | *Fimbristylis* | *tetragona* | - | - |
| ၆၁ | LC | GRAMINEAE | *Eulalia* | *contorta* | - | - |
| ၆၂ | LC | GRAMINEAE | *Eriochloa* | *procera* | Myet kha / Myet kyein | မြက်ခါး / မြက်ကြိမ် |
| ၆၃ | LC | GRAMINEAE | *Eragrostis* | *coarctata* | - | - |
| ၆၄ | LC | GRAMINEAE | *Eragrostis* | *unioloides* | - | - |
| ၆၅ | LC | GRAMINEAE | *Echinochloa* | *colona* | Pazun sa myet | ပုဇွန်စာမြက် |
| ၆၆ | LC | GRAMINEAE | *Echinochloa* | *frumentacea* | Myet thi | မြက်သီး |
| ၆၇ | LC | GRAMINEAE | *Echinochloa* | *picta* | - | - |
| ၆၈ | LC | CYPERACEAE | *Eleocharis* | *acicularis* | Myet | မြက် |
| ၆၉ | LC | CYPERACEAE | *Eleocharis* | *geniculata* | - | - |
| ၇၀ | LC | CYPERACEAE | *Eleocharis* | *ochrostachys* | - | - |
| ၇၁ | LC | CYPERACEAE | *Eleocharis* | *retroflexa* | - | - |
| ၇၂ | LC | GRAMINEAE | *Elytrophorus* | *spicatus* | - | - |
| ၇၃ | LC | CYPERACEAE | *Diplacrum* | *caricinum* | Than manaing kyauk manaing | သံမနိုင်ကျောက်မနိုင် |
| ၇၄ | LC | CYPERACEAE | *Cyperus* | *arenarius* | - | - |
| ၇၅ | LC | CYPERACEAE | *Cyperus* | *articulatus* | - | - |
| ၇၆ | LC | CYPERACEAE | *Cyperus* | *castaneus* | - | - |
| ၇၇ | LC | CYPERACEAE | *Cyperus* | *cephalotes* | - | - |
| ၇၈ | LC | CYPERACEAE | *Cyperus* | *clarkei* | Myet | မြက် |
| ၇၉ | LC | CYPERACEAE | *Cyperus* | *compactus* | Myet | မြက် |
| ၈၀ | LC | CYPERACEAE | *Cyperus* | *compressus* | Wetla myet | ဝက်လာမြက် |

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၈၁ | LC | CYPERACEAE | *Cyperus* | *cyperoides* | - | - |
| ၈၂ | LC | CYPERACEAE | *Cyperus* | *difformis* | - | - |
| ၈၃ | LC | CYPERACEAE | *Cyperus* | *digitatus* | - | - |
| ၈၄ | LC | CYPERACEAE | *Cyperus* | *distans* | - | - |
| ၈၅ | LC | CYPERACEAE | *Cyperus* | *iria* | - | - |
| ၈၆ | LC | CYPERACEAE | *Cyperus* | *maderaspatanus* | - | - |
| ၈၇ | LC | CYPERACEAE | *Cyperus* | *michelianus* | - | - |
| ၈၈ | LC | CYPERACEAE | *Cyperus* | *mitis* | - | - |
| ၈၉ | LC | CYPERACEAE | *Cyperus* | *mollipes* | - | - |
| ၉၀ | LC | CYPERACEAE | *Cyperus* | *nutans* | - | - |
| ၉၁ | LC | CYPERACEAE | *Cyperus* | *pangorei* | Wet la | ဝက်လာ |
| ၉၂ | LC | CYPERACEAE | *Cyperus* | *paniceus* | - | - |
| ၉၃ | LC | CYPERACEAE | *Cyperus* | *pilosus* | - | - |
| ၉၄ | LC | CYPERACEAE | *Cyperus* | *rotundus* | Wet mye u | ဝက်မြေဥ |
| ၉၅ | LC | CYPERACEAE | *Cyperus* | *squarrosus* | - | - |
| ၉၆ | LC | CYPERACEAE | *Cyperus* | *tenuispica* | - | - |
| ၉၇ | LC | CYPERACEAE | *Cyperus* | *tuberosus* | - | - |
| ၉၈ | LC | GRAMINEAE | *Chionachne* | *gigantea* | - | - |
| ၉၉ | LC | CYPERACEAE | *Carex* | *baccans* | - | - |
| ၁၀၀ | LC | CYPERACEAE | *Carex* | *japonica* | - | - |
| ၁၀၁ | LC | CYPERACEAE | *Carex* | *longipes* | - | - |
| ၁၀၂ | LC | CYPERACEAE | *Carex* | *myosurus* | - | - |
| ၁၀၃ | LC | CYPERACEAE | *Carex* | *phacota* | - | - |
| ၁၀၄ | LC | CYPERACEAE | *Bulbostylis* | *densa* | - | - |
| ၁၀၅ | LC | GRAMINEAE | *Brachiaria* | *eruciformis* | - | - |
| ၁၀၆ | LC | GRAMINEAE | *Brachiaria* | *ramosa* | - | - |
| ၁၀၇ | LC | GRAMINEAE | *Brachiaria* | *reptans* | - | - |
| ၁၀၈ | LC | GRAMINEAE | *Arundo* | *donax* | Alo kyu / Kyu | အလိုကျူ / ကျူ |

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၁၀၉ | LC | GRAMINEAE | *Alopecurus* | *aequalis* | - | - |
| ၁၁၀ | LC | CYPERACEAE | *Actinoscirpus* | *grossus* | - | - |
| ၁၁၁ | LC | GRAMINEAE | *Acroceras* | *zizanioides* | - | - |
| ၁၁၂ | NT | CYPERACEAE | *Carex* | *tricephala* | - | - |

## ထန်း/ အုန်းနှင့် မုန်တိုင်အုပ်စုဝင် အပင်များ (Palm)

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၁ | LC | PALMAE | *Pinanga* | *sylvestris* | - | - |
| ၂ | LC | PALMAE | *Nypa* | *fruticans* | Dani | ဓနိ |
| ၃ | LC | GNETACEAE | *Gnetum* | *gnemon* | Hyinbyin | ညှင်းပြင် |
| ၄ | LC | GNETACEAE | *Gnetum* | *latifolium* | - | - |
| ၅ | LC | GNETACEAE | *Gnetum* | *macrostachyum* | - | - |
| ၆ | LC | GNETACEAE | *Gnetum* | *microcarpum* | - | - |
| ၇ | LC | PALMAE | *Corypha* | *utan* | Pe pin | ပဲပင်နီး |
| ၈ | NT | GNETACEAE | *Gnetum* | *oblongum* | - | - |
| ၉ | NT | CYCADACEAE | *Cycas* | *edentata* | - | - |
| ၁၀ | NT | CYCADACEAE | *Cycas* | *simplicipinna* | - | - |
| ၁၁ | VU | CYCADACEAE | *Cycas* | *pectinata* | Mondaing | မုန်တိုင် |
| ၁၂ | VU | CYCADACEAE | *Cycas* | *siamensis* | Mondaing | မုန်တိုင် |

## Fern ပင်များ

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၁ | LC | THELYPTERIDACEAE | *Thelypteris* | *xylodes* | - | - |
| ၂ | LC | DENNSTAEDTIACEAE | *Microlepia* | *trapeziformis* | - | - |
| ၃ | LC | POLYPODIACEAE | *Microsorum* | *pteropus* | - | - |
| ၄ | LC | LYGODIACEAE | *Lygodium* | *microphyllum* | - | - |
| ၅ | LC | HYPODEMATIACEAE | *Didymochlaena* | *truncatula* | - | - |
| ၆ | LC | HYPODEMATIACEAE | *Didymochlaena* | *truncatula* | - | - |
| ၇ | LC | THELYPTERIDACEAE | *Cyclosorus* | *ciliatus* | - | - |
| ၈ | LC | THELYPTERIDACEAE | *Cyclosorus* | *interruptus* | - | - |
| ၉ | LC | PTERIDACEAE | *Acrostichum* | *aureum* | - | - |
| ၁၀ | LC | PTERIDACEAE | *Acrostichum* | *speciosum* | - | - |

## ဝါး နှင့် ကြိမ်ပင်များ (Bamboo and Rattan)

| စဉ် | Red List status | မျိုးရင်း Family | မျိုးစု Genus | မျိုးစိတ် Species | Myanmar Name | မြန်မာအမည် |
|---|---|---|---|---|---|---|
| ၁ | LC | GRAMINEAE | *Dendrocalamus* | *giganteus* | Wabo gyi | ဝါးဘိုးကြီး |
| ၂ | LC | GRAMINEAE | *Dendrocalamus* | *membranaceus* | Wa phyu | ဝါးဖြူ |
| ၃ | LC | PALMAE | *Calamus* | *oxleyanus* | - | - |
| ၄ | LC | PALMAE | *Calamus* | *tenuis* | Bareilly kyein / Ta ye li kyein | ဘာလီကြိမ် /တရဲလီကြိမ် |

## ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်များ အဆင့်သတ်မှတ်ခြင်းဆိုင်ရာ IUCN Category များ

### မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered - CR)

မျိုးစိတ်တစ်ခုအတွက် ရရှိထားသောအထောက်အထား အချက်အလက်များသည် အောက်ဖော်ပြပါ စံညွှန်းများ (A မှ E) အနက် စံညွှန်းအချို့နှင့်ကိုက်ညီနေပါက ၎င်းမျိုးစိတ်သည် သဘာဝအခြေအနေတွင် မျိုးသုဉ်းပျောက်ကွယ်ရန်အန္တရာယ် အမြင့်မားဆုံးကျရောက်နေပြီဟု ယူဆပြီး ၎င်းမျိုးစိတ်အား မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered - CR) အဖြစ် သတ်မှတ်ပါသည်။

မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered - CR) သတ်မှတ်ရန်အတွက် စံနှုန်းများမှာ -

**A. ဦးရေကျဆင်းခြင်း**

1. လွန်ခဲ့သော (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်ကြာချိန်ကာလတွင် ဦးရေကျဆင်းမှုသည် ၉၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အောက်ပါအချက်အလက် တစ်ခုခုပေါ်အခြေခံ၍ ကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများကို သိသိသာသာပြောင်းလဲနိုင်မှု၊ နားလည်လာမှုနှင့် ရပ်စဲနိုင်မှုတို့ကို ရေရှည်ဖြစ်ပေါ်နေသည့် အခြေအနေဖြင့်လည်း

   (a) တိုက်ရိုက်တွေ့မြင်ရခြင်း၊

   (b) မျိုးစိတ်တစ်ခုအတွက် သင့်တော်သော ကြွယ်ဝမှုဖော်ပြခြင်းဆိုင်ရာ ညွှန်းကိန်း၊

   (c) ပေါက်ရောက်/ကျက်စားသည့် ဧရိယာ၊ တွေ့ရှိမှုပမာဏ သို့မဟုတ် ပေါက်ရောက်/ကျက်စားရာဒေသ၏ အရည်အသွေး ကျဆင်းမှု၊

   (d) လက်ရှိ သို့မဟုတ် အလားအလာရှိသော ထုတ်ယူအသုံးချမှုအခြေအနေ၊

   (e) စတင်ထည့်သွင်းသည့် မျိုးစိတ်၊ မျိုးစပ်ခြင်း၊ ရောဂါပိုးများ၊ ညစ်ညမ်းမှု ဖြစ်စေသည့် အရာများ၊ ယှဉ်ပြိုင်ဘက်အပင်များနှင့် ကပ်ပါးပင်များ၏ သက်ရောက်မှုများ။

2. လွန်ခဲ့သော (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်ကြာချိန်ကာလတွင် ဦးရေကျဆင်းမှုသည် ၈၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလပိုကြာသောအခါတွင် A 1 (a) မှ (e) အချက်တစ်ခုခုအပေါ် အခြေခံထားသည့် ဦးရေကျဆင်းခြင်းနှင့် ကျဆင်းမှုဖြစ်စေခြင်းကို မရပ်တန့်နိုင်မှု သို့မဟုတ် သိရှိနားလည်ခြင်း မရှိမှု သို့မဟုတ် ပြန်လည်ရရှိမလာမှုတို့ ရေရှည်ဖြစ်ပေါ်နေသည့် အခြေအနေဖြစ်သည်။

3. နောင်လာမည့် (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်ကြာချိန်ကာလအတွင်း ဦးရေကျဆင်းမှုသည် ၈၀% နှင့်အထက် ဖြစ်နိုင်သည်ဟု ခန့်မှန်းခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလ ပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့် နှစ်ပေါင်း ၁၀၀ အထိ) A 1 (a) မှ (e) အချက်တစ်ခုခုအပေါ်အခြေခံ၍ ဦးရေကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများအား သိသိသာသာ ပြောင်းလဲနိုင်မှု၊ သိရှိနားလည်လာမှုနှင့် ရပ်စဲနိုင်မှု မရှိခြင်းဖြစ်သည်။

4. လွန်ခဲ့သောကာလဖြစ်စေ၊ နောင်လာမည့်ကာလဖြစ်စေ (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်အကြာတွင် ဦးရေကျဆင်းမှု ၈၀%နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလ ပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့်နှစ်ပေါင်း ၁၀၀ အထိ) A 1 (a) မှ (e) အချက်တစ်ခုခုအပေါ် အခြေခံ၍ ဦးရေကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများအား သိသိသာသာ ပြောင်းလဲနိုင်မှု၊ သိရှိနားလည်လာမှုနှင့် ရပ်စဲနိုင်မှုမရှိခြင်းဖြစ်သည်။

## B. ပထဝီအခြေအနေ

ပထဝီအခြေအနေသည် B 1 တွေ့ရှိရသည့် နယ်မြေ သို့မဟုတ် B 2 ပေါက်ရောက် ကျက်စားသည့် ဧရိယာ သို့မဟုတ် နှစ်မျိုးစလုံး ဖြစ်ပါသည်။

1. တွေ့ရှိရသည့်နယ်မြေသည် ၁၀၀ $km^2$ ထက် နည်းသည်ဟုခန့်မှန်းထားခြင်းနှင့် a မှ c အထိ အချက်များမှ အနည်းဆုံးနှစ်ချက်နှင့် ကိုက်ညီနေသည်ဟု ခန့်မှန်းခြင်း။
   a. အလွန်ဆိုးရွားစွာ အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း သို့မဟုတ် နေရာတစ်ခုတည်း၌သာ တွေ့ရှိရခြင်း၊
   b. ကျဆင်းမှု ဆက်တိုက်ဖြစ်ခြင်း၊ ဖော်ပြပါအခြေအနေတစ်ရပ်ထက်ပိုတွေ့ရှိရခြင်း၊
      (i) တွေ့ရှိမှုပမာဏ
      (ii) ပေါက်ရောက်/ကျက်စား သည့်ဧရိယာ
      (iii) ကျက်စားနယ်မြေ၏ ဧရိယာ၊ ပမာဏ နှင့် အရည်အသွေး
      (iv) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်
      (v) အရွယ်ရောက်သည့်အရေအတွက်
   c. အောက်ဖော်ပြပါများနှင့်ပတ်သက်၍ ပြောင်းလဲမှုပြင်းထန်ခြင်း။
      (i) တွေ့ရှိမှုပမာဏ
      (ii) ပေါက်ရောက်/ကျက်စားသည့်ဧရိယာ
      (iii) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်
      (iv) အရွယ်ရောက်သည့် အရေအတွက်
2. ပေါက်ရောက်/ ကျက်စားသည့် ဧရိယာသည် ၁၀ $km^2$ ထက် နည်းသည်ဟု ခန့်မှန်းထားခြင်းနှင့် a မှ c အထိ အချက်များမှ အနည်းဆုံးနှစ်ချက်နှင့် ကိုက်ညီနေသည်ဟု ခန့်မှန်းခြင်း။
   a. အလွန်ဆိုးရွားစွာ အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း သို့မဟုတ် နေရာတစ်ခုတည်း၌သာ တွေ့ရှိရခြင်း၊
   b. ကျဆင်းမှု ဆက်တိုက်ဖြစ်ခြင်း၊ ဖော်ပြပါအခြေအနေတစ်ရပ်ထက်ပိုတွေ့ရှိရခြင်း၊
      (i) တွေ့ရှိမှုပမာဏ
      (ii) ပေါက်ရောက်/ကျက်စား သည့်ဧရိယာ
      (iii) ကျက်စားရာနယ်မြေ၏ ဧရိယာ၊ ပမာဏ နှင့် အရည်အသွေး

(iv) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်

(v) အရွယ်ရောက်သည့် အရေအတွက်

c. အောက်ဖော်ပြပါများနှင့်ပတ်သက်၍ ပြောင်းလဲမှုပြင်းထန်ခြင်း။

(i) တွေ့ရှိမှုပမာဏ

(ii) ပေါက်ရောက်/ကျက်စားသည့်ဧရိယာ

(iii) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်

(iv) အရွယ်ရောက်သည့်အရေအတွက်

**C. ဦးရေအရွယ်အစား**

ဦးရေအရေအတွက် ၂၅၀ ထက်နည်းသည်ဟု ခန့်မှန်းထားသော အရွယ်အစား နှင့် C 1 သို့မဟုတ် C 2 ပါ အချက်များနှင့် ကိုက်ညီခြင်း။

1. (၃) နှစ် သို့မဟုတ် မျိုးဆက်တစ်ဆက်အတွင်း သို့မဟုတ် အချိန်ကာလ ပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့် နှစ်ပေါင်း ၁၀၀ အထိ) ဦးရေဆက်တိုက်ကျဆင်းမှု အနည်းဆုံး ၂၅% ရှိခြင်း၊

2. ဦးရေဆက်တိုက်ကျဆင်းမှုကို လေ့လာတွေ့ရှိရခြင်း၊ ကောက်ချက်ချခြင်း၊ ခန့်မှန်းခြင်းနှင့် အောက်ပါအချက်နှစ်ချက်အနက် အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီခြင်း။

a. ဦးရေဖွဲ့စည်းပုံ၌

(i) အရွယ်ရောက်သည့် အရေအတွက် ၅၀ ထက် မပိုခြင်း၊

သို့မဟုတ်

(ii) နေရာတစ်ခုတည်းတွင် အရွယ်ရောက်သည့် မျိုးစိတ်အားလုံး၏ အနည်းဆုံး ၉၀% ရှိခြင်း။

b. အရွယ်ရောက်သည့် မျိုးစိတ်အရေအတွက် ပြောင်းလဲမှုများခြင်း။

D. အရွယ်ရောက်သည့်မျိုးစိတ်၏ ဦးရေအရွယ်အစားသည် ၅၀ ထက် နည်းသည်ဟု ခန့်မှန်းရခြင်း။

E. ကိန်းဂဏန်းများကို ဆန်းစစ်မှုအရ နောင်လာမည့် (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက် ကြာချိန်ကာလအတွင်း သို့မဟုတ် အချိန်ကာလပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့် နှစ်ပေါင်း ၁၀၀ အထိ) သဘာဝအခြေအနေတွင် မျိုးသုဉ်းပျောက်ကွယ်ရန် ဖြစ်နိုင်ခြေ အနည်းဆုံး ၅၀% ရှိကြောင်းတွေ့ရှိရခြင်း။

**မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered - EN)**

မျိုးစိတ်တစ်ခုအတွက် ရရှိထားသောအထောက်အထား အချက်အလက်များသည် အောက်ဖော်ပြပါ စံညွှန်းများ (A မှ E) အနက် စံညွှန်းအချို့နှင့်ကိုက်ညီနေပါက ၎င်းမျိုးစိတ်သည် သဘာဝအခြေအနေတွင် မျိုးသုဉ်းပျောက်ကွယ်ရန်အန္တရာယ် အလွန်မြင့်မားစွာ ကျရောက်နေပြီဟုယူဆပြီး ၎င်းမျိုးစိတ်အား မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered - EN) အဖြစ် သတ်မှတ်ပါသည်။

မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered - EN) သတ်မှတ်ရန်အတွက် စံနှုန်းများမှာ -

A. **ဦးရေကျဆင်းခြင်း**

1. လွန်ခဲ့သော (၁၀)နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်ကြာချိန်ကာလတွင် ဦးရေကျဆင်းမှု ၇၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အောက်ပါ အချက်အလက် တစ်ခုခုပေါ်အခြေခံ၍ ကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများကို သိသိ သာသာပြောင်းလဲနိုင်မှု၊ နားလည်လာမှုနှင့် ရပ်စဲနိုင်မှုတို့ကို ရေရှည်ဖြစ်ပေါ်နေသည့် အခြေ အနေဖြင့်လည်း

   (a) တိုက်ရိုက်တွေ့မြင်ရခြင်း၊

   (b) မျိုးစိတ်တစ်ခုအတွက် သင့်တော်သော ကြွယ်ဝမှုဖော်ပြခြင်းဆိုင်ရာ ညွှန်းကိန်း၊

   (c) ပေါက်ရောက်/ကျက်စားသည့် ဧရိယာ၊ တွေ့ရှိမှုပမာဏနှင့် သို့မဟုတ် ပေါက်ရောက်/ကျက်စားရာဒေသ၏ အရည်အသွေးကျဆင်းမှု၊

   (d) လက်ရှိ သို့မဟုတ် အလားအလာရှိသော ထုတ်ယူအသုံးချမှုအခြေအနေ၊

   (e) စတင်ထည့်သွင်းသည့်မျိုးစိတ်၊ မျိုးစပ်ခြင်း၊ ရောဂါပိုးများ၊ ညစ်ညမ်းမှု ဖြစ်စေသည့် အရာများ၊ ယှဉ်ပြိုင်ဘက်အပင်များနှင့် ကပ်ပါးပင်များ၏ အကျိုးသက်ရောက်မှုများ။

2. လွန်ခဲ့သော (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက် ကြာချိန်ကာလတွင် ဦးရေကျဆင်းမှု ၅၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလပိုကြာသောအခါတွင် A 1 (a) မှ (e) အချက်တစ်ခုခုပေါ် အခြေခံထားသည့် ဦးရေကျဆင်းခြင်းနှင့် ကျဆင်းမှုဖြစ်စေခြင်းကို မရပ်တန့်နိုင်မှု သို့မဟုတ် သိရှိနားလည်ခြင်း မရှိမှု သို့မဟုတ် ပြန်လည်ရရှိမလာမှုတို့ ရေရှည်ဖြစ်ပေါ်နေသည့် အခြေအနေဖြစ်သည်။

3. နောင်လာမည့် (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်ကြာချိန်ကာလအတွင်း ဦးရေ ကျဆင်းမှု ၅၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့် နှစ်ပေါင်း ၁၀၀ အထိ) A 1 (a) မှ (e) အချက်တစ်ခုခုပေါ် အခြေခံ၍ ဦးရေကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများ သိသိသာသာ ပြောင်းလဲနိုင်မှု၊ သိရှိ နားလည်လာမှုနှင့် ရပ်စဲနိုင်မှု မရှိခြင်းဖြစ်သည်။

4. လွန်ခဲ့သောကာလဖြစ်စေ၊ နောင်လာမည့်ကာလဖြစ်စေ (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်အကြာတွင် ဦးရေကျဆင်းမှု ၅၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလပိုကြာသောအခါတွင် (အများဆုံး နောင်လာမည့်နှစ်ပေါင်း ၁၀၀ အထိ) A 1 (a) မှ (e) အချက်တစ်ခုခုပေါ် အခြေခံ၍ ဦးရေကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများ သိသိသာသာပြောင်းလဲနိုင်မှု၊ သိရှိနား လည်လာမှုနှင့် ရပ်စဲနိုင်မှု မရှိခြင်းဖြစ်သည်။

B. **ပထဝီအခြေအနေ**

ပထဝီအခြေအနေသည် B 1 တွေ့ရှိရသည့် နယ်မြေ သို့မဟုတ် B 2 ပေါက်ရောက် ကျက်စားသည့် ဧရိယာ သို့မဟုတ် နှစ်မျိုးစလုံးဖြစ်ခြင်း။

1. တွေ့ရှိရသည့်နယ်မြေသည် ၅၀၀၀ $km^2$ ထက် နည်းသည်ဟု ခန့်မှန်းထားခြင်း နှင့် a မှ c အထိ အချက်များမှ အနည်းဆုံးနှစ်ချက်နှင့် ကိုက်ညီနေသည်ဟု ခန့်မှန်းခြင်း။

   a. အလွန်ဆိုးရွားစွာ အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း သို့မဟုတ် နေရာတစ်ခုတည်း၌သာ တွေ့ရှိရခြင်း၊

   b. ကျဆင်းမှုဆက်တိုက်ဖြစ်ခြင်း၊ ဖော်ပြပါအခြေအနေတစ်ရပ်ထက်ပိုတွေ့ရှိရခြင်း၊

      (i) တွေ့ရှိမှုပမာဏ

      (ii) ပေါက်ရောက်/ကျက်စား သည့်ဧရိယာ

      (iii) ကျက်စားရာနယ်မြေ၏ ဧရိယာ၊ ပမာဏ နှင့် အရည်အသွေး

      (iv) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်

      (v) အရွယ်ရောက်သည့် အရေအတွက်

   c. အောက်ဖော်ပြပါများနှင့်ပတ်သက်၍ ပြောင်းလဲမှုပြင်းထန်ခြင်း။

      (i) တွေ့ရှိမှုပမာဏ

      (ii) ပေါက်ရောက်/ကျက်စား သည့်ဧရိယာ

      (iii) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်

      (iv) အရွယ်ရောက်သည့် အရေအတွက်

2. ပေါက်ရောက်/ကျက်စားသည့် ဧရိယာသည် ၅၀၀ စတုရန်းကီလိုမီတာထက် နည်းသည်ဟု ခန့်မှန်းထားခြင်း နှင့် a မှ c အထိ အချက်များမှ အနည်းဆုံးနှစ်ချက်နှင့် ကိုက်ညီနေသည်ဟု ခန့်မှန်းခြင်း။

   a. အလွန်ဆိုးရွားစွာ အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း သို့မဟုတ် နေရာတစ်ခုတည်း ၌သာ တွေ့ရှိရခြင်း။

   b. ကျဆင်းမှု ဆက်တိုက်ဖြစ်ခြင်း၊ ဖော်ပြပါအခြေအနေတစ်ရပ်ထက်ပိုတွေ့ရှိရခြင်း၊

      (i) တွေ့ရှိမှုပမာဏ

      (ii) ပေါက်ရောက်/ကျက်စားသည့်ဧရိယာ

      (iii) ကျက်စားရာနယ်မြေ၏ ဧရိယာ၊ ပမာဏ နှင့် အရည်အသွေး

      (iv) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်

      (v) အရွယ်ရောက်သည့် အရေအတွက်

   c. အောက်ဖော်ပြပါများနှင့်ပတ်သက်၍ ပြောင်းလဲမှုပြင်းထန်ခြင်း။

      (i) တွေ့ရှိမှုပမာဏ

      (ii) ပေါက်ရောက်/ ကျက်စားသည့် ဧရိယာ

(iii) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်

(iv) အရှယ်ရောက်သည့် အရေအတွက်

C. **ဦးရေအရွယ်အစား**

ဦးရေအရေအတွက် ၂၅၀၀ ထက်နည်းသည်ဟု ခန့်မှန်းထားသော အရွယ်အစားနှင့် C 1 သို့မဟုတ် C 2 ပါအချက်များနှင့် ကိုက်ညီခြင်း။

1. (၅) နှစ် သို့မဟုတ် မျိုးဆက်နှစ်ဆက်အတွင်း သို့မဟုတ် အချိန်ကာလ ပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့် နှစ်ပေါင်း ၁၀၀ အထိ) ဦးရေဆက်တိုက်ကျဆင်းမှု အနည်းဆုံး ၂၀% ရှိခြင်း၊

2. ဦးရေဆက်တိုက်ကျဆင်းမှုကို လေ့လာတွေ့ရှိရခြင်း၊ ကောက်ချက်ချခြင်း၊ ခန့်မှန်းခြင်းနှင့် အောက်ပါအချက်နှစ်ချက်အနက် အနည်းဆုံးတစ်ချက် နှင့်ကိုက်ညီခြင်း။

   a. ဦးရေဖွဲ့စည်းပုံ၌

      (i) အရွယ်ရောက်သည့်အရေအတွက် ၂၅၀ ထက်မပိုခြင်း၊

      သို့မဟုတ်

      (ii) နေရာတစ်ခုတည်းတွင် အရွယ်ရောက်သည့် မျိုးစိတ်အားလုံး၏ အနည်းဆုံး ၉၅% ရှိခြင်း။

   b. အရွယ်ရောက်သည့် မျိုးစိတ်အရေအတွက် ပြောင်းလဲမှုများခြင်း။

D. အရွယ်ရောက်သည့်မျိုးစိတ်၏ အရွယ်အစားသည် ၂၅၀ ထက်နည်းသည်ဟု ခန့်မှန်းရခြင်း။

E. ကိန်းဂဏန်းများကို ဆန်းစစ်မှုအရ နောင်လာမည့် (၂၀)နှစ် သို့မဟုတ် မျိုးဆက်ငါးဆက် ကြာချိန်ကာလအတွင်း သို့မဟုတ် အချိန်ကာလပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့် နှစ်ပေါင်း ၁၀၀ အထိ) သဘာဝအခြေအနေတွင် မျိုးသုဉ်းပျောက်ကွယ်ရန် ဖြစ်နိုင်ခြေ အနည်းဆုံး ၂၀% ရှိကြောင်း တွေ့ရှိရခြင်း။

**မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် (Vulnerable - VU)**

မျိုးစိတ်တစ်ခုအတွက် ရရှိထားသောအထောက်အထား အချက်အလက်များသည် အောက်ဖော်ပြပါ စံညွှန်းများ (A မှ E) အနက် စံညွှန်းအချို့နှင့်ကိုက်ညီနေပါက ၎င်းမျိုးစိတ်သည် သဘာဝအခြေအနေတွင် မျိုးသုဉ်းကွယ်ပျောက်ရန်အန္တရာယ် မြင့်မားစွာကျရောက်နေပြီဟုယူဆပြီး ၎င်းမျိုးစိတ်အား မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် (**Vulnerable - VU**) အဖြစ် သတ်မှတ်ပါသည်။

မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် (**Vulnerable - VU**) သတ်မှတ်ရန်အတွက် စံနှုန်းများမှာ -

A. **ဦးရေကျဆင်းခြင်း**

1. လွန်ခဲ့သော (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက် ကြာချိန်ကာလတွင် ဦးရေကျဆင်းမှု ၅၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အောက်ပါအချက်အလက် တစ်ခုခုပေါ်အခြေခံ၍ ကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများကို သိသိသာသာပြောင်းလဲနိုင်မှု၊ နားလည်လာမှုနှင့် ရပ်စဲနိုင်မှုတို့ကို ရေရှည်ဖြစ်ပေါ်နေသည့် အခြေအနေဖြင့်လည်း

   (a) တိုက်ရိုက်တွေ့မြင်ရခြင်း၊

   (b) မျိုးစိတ်တစ်ခုအတွက် သင့်တော်သော ကြွယ်ဝမှုဖော်ပြခြင်းဆိုင်ရာ ညွှန်းကိန်း၊

   (c) ပေါက်ရောက်/ကျက်စားသည့်ဧရိယာ၊ တွေ့ရှိမှုပမာဏနှင့်/သို့မဟုတ် ပေါက်ရောက်/ကျက်စားရာဒေသ၏ အရည်အသွေးကျဆင်းမှု၊

   (d) လက်ရှိ သို့မဟုတ် အလားအလာရှိသော ထုတ်ယူအသုံးချမှုအခြေအနေ၊

   (e) စတင်ထည့်သွင်းသည့် မျိုးစိတ်၊ မျိုးစပ်ခြင်း၊ ရောဂါပိုးများ၊ ညစ်ညမ်းမှုဖြစ်စေသည့် အရာများ၊ ယှဉ်ပြိုင်ဘက်အပင်များနှင့် ကပ်ပါးပင်များ၏ အကျိုးသက်ရောက်မှုများ။

2. လွန်ခဲ့သော (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက် ကြာချိန်ကာလတွင် ဦးရေကျဆင်းမှု ၃၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလပိုကြာသောအခါတွင် A 1 (a) မှ (e) အချက်တစ်ခုခုပေါ် အခြေခံထားသည့် ဦးရေကျဆင်းခြင်းနှင့် ကျဆင်းမှုဖြစ်စေခြင်းကို မရပ်တန့်နိုင်မှု သို့မဟုတ် သိရှိနားလည်ခြင်း မရှိမှု သို့မဟုတ် ပြန်လည်ရရှိမလာမှုတို့ ရေရှည်ဖြစ်ပေါ်နေသည့် အခြေအနေဖြစ်သည်။

3. နောင်လာမည့် (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်ကြာချိန်ကာလအတွင်း ဦးရေကျဆင်းမှု ၃၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလ ပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့် နှစ်ပေါင်း ၁၀၀ အထိ) A 1 (a) မှ (e) အချက်တစ်ခုခုပေါ်အခြေခံ၍ ဦးရေကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများ သိသိသာသာ ပြောင်းလဲနိုင်မှု၊ သိရှိနားလည်လာမှုနှင့် ရပ်စဲနိုင်မှု မရှိခြင်း ဖြစ်သည်။

4. လွန်ခဲ့သောကာလဖြစ်စေ၊ နောင်လာမည့်ကာလဖြစ်စေ (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်အကြာတွင် ဦးရေကျဆင်းမှု ၃၀% နှင့်အထက်ဟု တွေ့ရှိခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း သို့မဟုတ် ယူဆခြင်း။ အချိန်ကာလ ပိုကြာသောအခါတွင် (အများဆုံး နောင်လာမည့်နှစ်ပေါင်း၁၀၀အထိ) A 1 (a) မှ (e) အချက်တစ်ခုခုပေါ် အခြေခံ၍ ဦးရေကျဆင်းမှုဖြစ်စေသော အကြောင်းအရင်းများ သိသိသာသာပြောင်းလဲနိုင်မှု၊ သိရှိနားလည်လာမှု နှင့် ရပ်စဲနိုင်မှု မရှိခြင်း ဖြစ်သည်။

B. **ပထဝီအခြေအနေ**

ပထဝီအခြေအနေသည် B 1 တွေ့ရှိရသည့်နယ်မြေ သို့မဟုတ် B 2 ပေါက်ရောက်ကျက်စားသည့် ဧရိယာ သို့မဟုတ် နှစ်မျိုးစလုံးဖြစ်ခြင်း။

1. တွေ့ရှိရသည့်နယ်မြေသည် ၂၀,၀၀၀ $km^2$ ထက် နည်းသည်ဟုခန့်မှန်းထားခြင်းနှင့် a မှ c အထိ အချက်များမှ အနည်းဆုံးနှစ်ချက်နှင့် ကိုက်ညီနေသည်ဟု ခန့်မှန်းခြင်း၊

   a. အလွန်ဆိုးရွားစွာ အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း သို့မဟုတ် နေရာတစ်ခုတည်း၌သာ တွေ့ရှိရခြင်း၊

   b. ကျဆင်းမှု ဆက်တိုက်ဖြစ်ခြင်း၊ ဖော်ပြပါအခြေအနေတစ်ရပ်ထက်ပိုတွေ့ရှိရခြင်း၊

      (i) တွေ့ရှိမှုပမာဏ
      (ii) ပေါက်ရောက်/ကျက်စားသည့် ဧရိယာ
      (iii) ကျက်စားရာနယ်မြေ၏ ဧရိယာ၊ ပမာဏ နှင့် အရည်အသွေး
      (iv) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်
      (v) အရွယ်ရောက်သည့် အရေအတွက်

   c. အောက်ဖော်ပြပါများနှင့်ပတ်သက်၍ ပြောင်းလဲမှုပြင်းထန်ခြင်း။

      (i) တွေ့ရှိမှုပမာဏ
      (ii) ပေါက်ရောက်/ကျက်စားသည့်ဧရိယာ
      (iii) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်
      (iv) အရွယ်ရောက်သည့် အရေအတွက်

2. ပေါက်ရောက်/ကျက်စားသည့် ဧရိယာသည် ၂၀၀၀ စတုရန်းကီလိုမီတာထက် နည်းသည်ဟု ခန့်မှန်းထားခြင်း နှင့် a မှ c အထိ အချက်များမှ အနည်းဆုံးနှစ်ချက်နှင့် ကိုက်ညီနေသည်ဟု ခန့်မှန်းခြင်း၊

   1. အလွန်ဆိုးရွားစွာ အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း သို့မဟုတ် နေရာတစ်ခုတည်း ၌သာ တွေ့ရှိရခြင်း။

   b. ကျဆင်းမှုဆက်တိုက်ဖြစ်ခြင်း၊ ဖော်ပြပါအခြေအနေတစ်ရပ်ထက်ပိုတွေ့ရှိရခြင်း၊

      (i) တွေ့ရှိမှုပမာဏ
      (ii) ပေါက်ရောက်/ကျက်စားသည့် ဧရိယာ
      (iii) ကျက်စားရာနယ်မြေ၏ ဧရိယာ၊ ပမာဏ နှင့် အရည်အသွေး
      (iv) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်
      (v) အရွယ်ရောက်သည့် အရေအတွက်

   c. အောက်ဖော်ပြပါများနှင့်ပတ်သက်၍ ပြောင်းလဲမှုပြင်းထန်ခြင်း။

      (i) တွေ့ရှိမှုပမာဏ
      (ii) ပေါက်ရောက်/ကျက်စားသည့်ဧရိယာ

(iii) တည်နေရာနှင့် ဦးရေအခွဲများ အရေအတွက်

(iv) အရွယ်ရောက်သည့် အရေအတွက်

C. **ဦးရေအရွယ်အစား**

ဦးရေအရေအတွက် ၁၀,၀၀၀ ထက်နည်းသည်ဟု ခန့်မှန်းထားသော အရွယ်အစားနှင့် C 1 သို့မဟုတ် C 2 ပါအချက်များနှင့်ကိုက်ညီခြင်း -

1. (၁၀) နှစ် သို့မဟုတ် မျိုးဆက်သုံးဆက်အတွင်း သို့မဟုတ် အချိန်ကာလ ပိုကြာသောအခါတွင် (အများဆုံးနောင်လာမည့် နှစ်ပေါင်း ၁၀၀အထိ) ဦးရေဆက်တိုက်ကျဆင်းမှု အနည်းဆုံး ၂၀% ရှိခြင်း၊

2. ဦးရေဆက်တိုက်ကျဆင်းမှုကို လေ့လာတွေ့ရှိရခြင်း၊ ကောက်ချက်ချခြင်း၊ ခန့်မှန်းခြင်းနှင့် အောက်ပါအချက်နှစ်ချက်အနက် အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီခြင်း။

   a. ဦးရေဖွဲ့စည်းပုံ၌

      (i) အရွယ်ရောက်သည့်အရေအတွက် ၁၀၀၀ ထက်မပိုခြင်း၊

      သို့မဟုတ်

      (ii) နေရာတစ်ခုတည်းတွင် တွေ့ရှိရသော မျိုးစိတ်အားလုံး အရွယ်ရောက်သည့် မျိုးစိတ်များဖြစ်ခြင်း။

   b. အရွယ်ရောက်သည့် မျိုးစိတ်အရေအတွက် ပြောင်းလဲမှုများခြင်း။

D. ဦးရေသည် အောက်ပါပုံစံတစ်ခုခုအတိုင်း သေးငယ်ခြင်း သို့မဟုတ် ကန့်သတ်ချက်ရှိခြင်း၊

1. ဦးရေ ၁၀၀၀ထက် နည်းခြင်း၊

2. တည်ရှိသည့်ဧရိယာ အလွန်သေးငယ်ခြင်း (ပုံမှန်အားဖြင့် ၂၀ $km^2$ ထက် နည်းသော ဧရိယာ) သို့မဟုတ် တွေ့ရှိရသည့်ဧရိယာ နည်းပါးခြင်း (ပုံမှန်အားဖြင့် ၅ နေရာ သို့မဟုတ် ၄င်းထက် နည်းပါးခြင်း)

အထက်ပါအခြေအနေများသည် လူတို့၏လုပ်ဆောင်မှုနှင့် အခြားအကျိုးသက်ရောက်မှုများကြောင့် မကြာသည့်ကာလတွင် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered - CR) သို့မဟုတ် လုံးဝမျိုးပျောက်သုံးသွားသည့် အခြေအနေရောက်ရှိမှု ဖြစ်လွယ်သည်။

E. ကိန်းဂဏန်းများကို ဆန်းစစ်မှုအရ သဘာဝအခြေအနေတွင် မျိုးသုဉ်းပျောက်ကွယ်ရန် ဖြစ်နိုင်ခြေ နှစ် ၁၀၀ အတွင်း အနည်းဆုံး ၁၀% ရှိကြောင်း တွေ့ရှိရခြင်း။

**မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် (Near Threatened - NT)**

မျိုးစိတ်တစ်ခုကို မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered – CR)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered - EN)နှင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (Vulnerable - VU) တို့သတ်မှတ်ရန် ချမှတ်ထားသော စံနှုန်းများနှင့် စစ်ဆေးရာတွင် လက်ရှိအချိန်၌ ဖော်ပြပါအုပ်စု (၃) ခုအနက် မည်သည့်အုပ်စုတွင်မှ ထည့်သွင်းရန် မကိုက်ညီသော်လည်း မဝေးတော့သော ကာလတစ်ခုတွင် ဖော်ပြပါအုပ်စုတစ်ခုခုတွင် ကျရောက်ရန် အလားအလာရှိပါက သို့မဟုတ် ကျရောက် ရန်နီးကပ်နေပါက မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် (Near Threatened - NT) ဟုသတ်မှတ်ပါသည်။

**မျိုးသုဉ်းရန်အန္တရာယ်နည်းပါးသည့်မျိုးစိတ် (Least Concern - LC)**

မျိုးစိတ်တစ်ခုကို မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered - CR)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered - EN)၊ မျိုးသုဉ်းရန်အန္တရာယ်ကျ ရောက်နိုင်သော မျိုးစိတ် (Vulnerable - VU) နှင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် (Near Threatened - NT) တို့သတ်မှတ်ရန်ချမှတ်ထားသော စံနှုန်းများနှင့် စစ်ဆေးရာတွင် လက်ရှိအချိန်၌ ဖော်ပြပါအုပ်စု (၄) ခုအနက် မည်သည့်အုပ်စုတွင်မှ ထည့်သွင်းရန် မကိုက်ညီပါက ၎င်းမျိုးစိတ်ကို မျိုးသုဉ်းရန် အန္တရာယ်နည်းပါးသည့်မျိုးစိတ် (Least Concern - LC) ဟု သတ်မှတ်ပါသည်။ နေရာအနှံ့အပြား ပေါက်ရောက်ပြီး ပေါများသော မျိုးစိတ်များကို LC ဟု သတ်မှတ်ပါသည်။

**မျိုးသုဉ်းရန်အန္တရာယ်ကျရောက်မှုနည်းပါးသောမျိုးစိတ် (Lower Risk - LR)**

မျိုးစိတ်တစ်ခုကို မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered - CR)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered - EN)နှင့် မျိုးသုဉ်းရန် အန္တရာယ်ကျ ရောက်နိုင်သော မျိုးစိတ် (Vulnerable - VU) တို့သတ်မှတ်ရန်ချမှတ်ထားသော စံနှုန်းများနှင့် စစ်ဆေးရာတွင် လက်ရှိအချိန်၌ ဖော်ပြပါအုပ်စု (၃) ခုအနက် မည်သည့်အုပ်စုတွင်မှ ထည့်သွင်းရန် မကိုက်ညီပါက ၎င်းမျိုးစိတ်ကို မျိုးသုဉ်းရန်အန္တရာယ်ကျရောက်မှု နည်းပါးသောမျိုးစိတ် (Lower Risk - LR) ဟု သတ်မှတ်သည်။ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်မှု နည်းပါးသောမျိုးစိတ်များကို အုပ်စု (၃) ခု ထပ်မံခွဲခြားပါသည်။

**(၁) ကာကွယ်ထိန်းထားသည့်မျိုးစိတ် (Conservation Dependent - cd)**

မျိုးသုဉ်းရန်အန္တရာယ် ကျရောက်နိုင်သည်ဟု သံသယရှိသောမျိုးစိတ်နှင့်ပတ်သက်၍ ပေါက်ရောက်/ ကျက်စားရာနယ်မြေကို အဓိကထိန်းသိမ်းခြင်း သို့မဟုတ် မျိုးစိတ်ကို အဓိကထိန်းသိမ်းခြင်းတွင် အလေးပေးထားသည့်မျိုးစိတ်ကို ကာကွယ်ထိန်းသိမ်းထားသည့်မျိုးစိတ် (Conservation Dependent -cd) ဟု သတ်မှတ်သည်။ ထိန်းသိမ်းခြင်းလုပ်ငန်းများရပ်စဲက (၅) နှစ်ကာလအတွင်း CR သို့မဟုတ် EN သို့မဟုတ် VU အဖြစ်သို့ ရောက်ရှိမည်ဖြစ်သည်။

(၂) **မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် (Near Threatened - nt)**

မျိုးသုဉ်းရန်အန္တရာယ်ကျရောက်မှုနည်းပါးသောမျိုးစိတ် (Lower Risk - LR)ဟု သတ်မှတ်ထားသောမျိုးစိတ်သည် cd နှင့် မကိုက်ညီသော်လည်း VU အဖြစ်သို့ ရောက်ရှိနိုင်သော မျိုးစိတ်ကို မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် (Near Threatened - nt) ဟု သတ်မှတ်ပါသည်။

(၃) **မျိုးသုဉ်းရန်အန္တရာယ်နည်းပါးသည့်မျိုးစိတ် (Least Concern -lc)**

မျိုးသုဉ်းရန်အန္တရာယ်ကျရောက်မှုနည်းပါးသောမျိုးစိတ် (Lower Risk - LR) ဟု သတ်မှတ်ထားသောမျိုးစိတ်သည် cd နှင့်သော်လည်းကောင်း nt နှင့်သော်လည်းကောင်း မကိုက်ညီပါ က ၎င်းမျိုးစိတ်ကို မျိုးသုဉ်းရန်အန္တရာယ်နည်းပါးသည့်မျိုးစိတ် (Least Concern - lc) ဟု သတ်မှတ်ပါသည်။

**အချက်အလက်ပြည့်စုံမှုမရှိသည့်မျိုးစိတ် (Data Deficient - DD)**

မျိုးစိတ်တစ်ခုကို ၎င်း၏ပျံ့နှံ့မှုနှင့်ဦးရေအပေါ်အခြေခံ၍ မျိုးသုဉ်းမည့်အန္တရာယ်ကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း အကဲဖြတ်ရန် အချက်အလက်များ မလုံလောက်သောမျိုးစိတ်ကို အချက်အလက်ပြည့်စုံမှုမရှိသည့်မျိုးစိတ် (Data Deficient - DD) ဟု သတ်မှတ်ပါသည်။ ဤအုပ်စုတွင်ပါဝင်သော မျိုးစိတ်သည် သေချာစွာလေ့လာမှုရှိနိုင်ပြီး ၎င်း၏ဇီဝဗေဒအရ ကောင်းစွာသိရှိပြီးဖြစ်သော်လည်း ပျံ့နှံ့တည်ရှိမှု၊ ကြွယ်ဝမှုနှင့်ပတ်သက်၍ သင့်တော်သည့်အချက်အလက်မရှိပါ။ ထို့ကြောင့် DD သည် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ကြုံတွေ့နေရသည့်အုပ်စုတွင် မပါဝင်ပါ။ ဤအုပ်စုတွင်ထည့်သွင်းသည့် မျိုးစိတ်များသည် အချက်အလက်များ ပိုမိုလိုအပ်ကြောင်းကိုပြသပြီး နောင်ဆောင်ရွက်ရန် အလားအလာရှိသည့် သုတေသနလုပ်ငန်းများမှ သင့်တော်သည့် အန္တရာယ်အမျိုးအစားခွဲခြားခြင်းကို ပြသနိုင်သည်ဟု အသိအမှတ်ပြုခြင်းဖြစ်သည်။ ရှိသမျှအချက်အလက်ကို အကောင်းဆုံးအသုံးပြုရန် အရေးကြီးပါသည်။ ကိစ္စရပ်အများအပြားတွင် DD နှင့် အန္တရာယ်ကျရောက်မှုအဆင့်တစ်ခုကို ရွေးချယ်ရာတွင် ဂရုစိုက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အကယ်၍ မျိုးစိတ်တစ်ခု၏ နယ်ပယ်သည် လုံးဝလုံလောက်မှု မရှိဟု ယူဆရပြီး မျိုးစိတ်အား နောက်ဆုံးမှတ်တမ်းထားမှုမှာ ကာလအတန်ကြာမြင့်သွားပြီဆိုပါက အန္တရာယ်ကျရောက်နေသည့် အဆင့်ကို သုံးသပ်ရမည်ဖြစ်ပါသည်။

**အကဲဖြတ်ဆန်းစစ်မှုမပြုရသေးသောမျိုးစိတ် (Not Evaluated - NE)**

အပင်မျိုးစိတ်တစ်ခုသည် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ် (Critically Endangered - CR)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered - EN) နှင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် (Vulnerable - VU) တို့သတ်မှတ်ရန်ချမှတ်ထားသော စံနှုန်းများနှင့် စစ်ဆေးခြင်းမပြုရသေးပါက ၎င်းမျိုးစိတ်အား အကဲဖြတ်ဆန်းစစ်မှု မပြုရသေးသောမျိုးစိတ် (Not Evaluated - NE) ဟု သတ်မှတ်ပါသည်။